FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

# အလုံးစုံမော်တော်ယာဥ်အာမခံ

# သပိတ်မှောက်ခြင်း၊ အဓိကရုဏ်းနှင့် ပြည်သူ့ဆူညံသောင်းကျန်းခြင်း

ဤပြင်ဆင်ချက်အရပေးသောလျော်ကြေးသည် အောက်ပါ(က)နှင့် (ခ)ပါအကြောင်းအရာအဖြစ်အပျက်များ တို့က တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ နီးကပ်စွာသော်လည်းကောင်း၊ ဝေးလံစွာသော်လည်းကောင်း၊ ဖြစ်ပွားစေသော၊ အားပေးသော သို့မဟုတ် ၎င်းတို့ကို ခြေရာခံနိုင်သော သို့မဟုတ် ၎င်းတို့မှပေါ်ပေါက်လာသော သို့မဟုတ် ၎င်းတို့နှင့် ဆက်စပ်ပတ်သတ်သည့်မတော်တဆဖြစ်မှု၊ ဆုံးရှုံးမှုပျက်စီးမှု  သို့မဟုတ် တာဝန်ရှိမှု (ဥပဒေ၏ လိုအပ်ချက်များဖြစ်စေရန် လိုအပ်သလောက်မှအပ) နှင့်မဆို သက်ဆိုင်ခြင်း၊ ဆက်စပ်ပတ်သတ်ခြင်းရှိရမည်မဟုတ်ပါ။

(က) စစ်ဖြစ်ပွားခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း ၊နိုင်ငံခြားရန်သူများ၏အပြုမူ ၊ စစ်ပြုခြင်းများသို့မဟုတ် စစ်ပွဲကဲ့သို့ တိုက်ခိုက်ခြင်းများ (စစ်ကြေငြာသည်ဖြစ်စေ စစ်မကြေငြာသည်ဖြစ်စေ) ပြည်တွင်းစစ် ။

( ခ) ပုန်ကန်ခြင်း ၊ လူထုအုံကြွခြင်းအဆင့်များသို့ရောက်ရှိသော ပြည်သူ့ဆူညံသောင်းကျန်းခြင်း၊ သူပုန်ထခြင်း ၊ တော်လှန်ရေးအစိတ်အပိုင်းများ သို့မဟုတ် သောင်းကျန်းခြင်း၊ စစ်တပ် သို့မဟုတ် အာဏာသိမ်းခြင်း သို့မဟုတ် တရားဝင်အစိုးရ သို့မဟုတ် လက်ရှိအစိုးရကို အင်အားသုံးဖြုတ်ချရန် သို့မဟုတ် အကြမ်းဖက်ခြင်း သို့မဟုတ် ရက်စက်ကြမ်းကြုတ်မှု သို့မဟုတ် ဆိုခဲ့သည့် အဖြစ်ပျက်တခုခု၏ အကျိုးသက်ရောက်မှုများဖြင့် အစိုးရအား ဩဇာလွှမ်းမိုးရန် ဦးတည်သောလှုပ်ရှားမှုများနှင့် အဖွဲ့စည်းတခုခုနှင့် ဆက်စပ်ပတ်သတ်၍ သို့မဟုတ် ယင်းကိုယ်စားဆောင်ရွက်သည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ မည်သည့်လုပ်ရပ်မဆို။

ဤပြင်ဆင်ချက်အရ လျော်ကြေးတစုံတရာပေါ်ပေါက်သည့်အဖြစ်အပျက်တွင် အာမခံထားသူက မတော်တဆ ဖြစ်မှု ၊ ဆုံးရှုံးမှု ပျက်စီးမှု သို့မဟုတ် တာဝန်ရှိမှုသည်ဆိုခဲ့သောအဖြစ်ပျက်တခုခု သို့မဟုတ် ယင်း၏ အကျိုးသက်ရောက်မှုတခုခုနှင့် မဆက်စပ်မပတ်သက်ပဲ ယင်းကဖြစ်ပွားစေခဲ့ခြင်း သို့မဟုတ် အားပေးစေခဲ့ခြင်း သို့မဟုတ် ယင်းခြေရာခံနိုင်ခဲ့ခြင်းမရှိလျှက် လွတ်လွတ်လပ်လပ်ဖြစ်ပွားခဲ့ကြောင်း သက်သေပြရမည်ဖြစ်ကာ သက်သေပြရန်ပျက်ကွက်လျှင် ထိုကဲ့သို့လျော်ကြေးတစ်ရပ်အတွက် ငွေကြေးတစုံတရာပေးရန် ကုမ္ပဏီမှ တာဝန်ရှိလိမ့်မည် မဟုတ်ပါ။

ဤမှအပ ဤပေါ်လစီစည်းမျဉ်းများကို လိုက်နာရမည်။